# ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များအား စီမံခန့်ခွဲခြင်း

## Risk Management Mechanism of United Paints Group Co., Ltd.

United Paints Group Co., Ltd. (UPG) သည် ၁၉၉၅ ခုနှစ်မှ စတင်၍ အိမ်သုတ်ဆေးများအား ထုတ်လုပ်ဖြန့်ဖြူး ရောင်းချသည့် လုပ်ငန်းတစ်ရပ်အဖြစ် စတင်တည်ထောင်ဆောင်ရွက်လာသည့် လုပ်ငန်းတစ်ရပ်ဖြစ်ပြီး လက်ရှိတွင် အိမ်သုတ်ဆေးဆက်စပ်ပစ္စည်းများ၊ ဆေးသုတ်လုပ်ငန်းဆိုင်ရာပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းတစ်ရပ် အဖြစ် လုပ်ငန်းများ တိုးချဲ့ ဆောင်ရွက်လာနိုင်သည့် လုပ်ငန်းစုတစ်ရပ် (A Group of Companies) အဖြစ် ပေါ်ထွန်းလာနေပြီ ဖြစ်ပါသည်။

ထိုသို့လုပ်ငန်းစုတစ်ရပ် (A Group of Companies) အဖြစ် ပေါ်ထွန်းလာနေချိန်တွင် လုပ်ငန်းဆောင်ရွက်ချက်များ ယခင်ကထက် များပြားလာခြင်း၊ လုပ်ငန်းနယ်ပယ်များ ပိုမိုကျယ်ပြန့်လာခြင်း၊ ထိတွေ့ဆက်ဆံရသည့် ပတ်သက်ဆက်နွယ်သူ များ (Stakeholders)များ ပိုမိုစုံလင်လာခြင်းစသည့်အခြေအနေများကြောင့် စိန်ခေါ်မှုများစွာ ပေါ်ထွက်လာပြီး အရှည်တည်တံ့ ခိုင်မြဲမှု (Sustainability) အပေါ် သက်ရောက်မှုများ ရှိလာခြင်းကြောင့် United Paints Group Co., Ltd. (UPG) အနေဖြင့် အဆိုပါစိန်ခေါ်မှုများဖြစ်ထွန်းလာစေနိုင်မည့် ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များ (risks) အား စီမံခန့်ခွဲမှု စနစ်တစ်ရပ်ချမှတ် ထားကာ ချမှတ်ထားသည့်စနစ်ဖြင့် ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်လျက်ရှိပါသည်။

## ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များ (Risks)

United Paints Group Co., Ltd. (UPG)အနေဖြင့် အိမ်သုတ်ဆေးများ ထုတ်လုပ် ရောင်းချရာတွင် ဈေးကွက်အတွင်း အခြားသုတ်ဆေးများနှင့် ယှဉ်ပြိုင်ရခြင်း၊ အခြားသုတ်ဆေးများအနေဖြင့် ပြည်တွင်းထုတ်သာမက ပြည်ပမှ တင်သွင်းခြင်း၊ ပြည်ပမှတင်သွင်းသည့် သုတ်ဆေးများတွင် နိုင်ငံတကာအမှတ်တံဆိပ်များ ပါဝင်နေခြင်းကြောင့် လုပ်ငန်းဆောင်ရွက်ရာတွင် ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များ (Risks) နှင့် ထိတွေ့မှုမြင့်မားစွာရှိနေသည့်အခြေအနေကို ပကတိအရှိတရားအဖြစ် လက်ခံ ထားပါသည်။

ထို့သို့လက်ခံထားသည်နည်းတူ မြင့်မားစွာရှိနေသည့် ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များကြောင့် United Paints Group Co., Ltd. (UPG) အနေဖြင့် မလိုလားသည့် သက်ရောက်မှုများမရရှိစေရေး ဆောင်ရွက်ရန်လိုအပ်သည့်နည်းတူ ထိရောက်သည့် ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များ (Risks) အား စီမံခန့်ခွဲမှုစနစ်တစ်ရပ်ချမှတ်ထားဆောင်ရွက်ခြင်းသည် ကောင်းမွန်သည့် ကော်ပိုရိတ်စီမံခန့်ခွဲမှု၏ မရှိမဖြစ်လိုအပ်သည့် အစိတ်အပိုင်းတစ်ခုဖြစ်ကာ ထို့သို့ဆောင်ရွက်ခြင်းကြောင့် United Paints Group Co., Ltd. (UPG)အတွက် အောက်ပါ အကျိုးကျေးဇူးများ ရရှိလာမည်ဟု ခံယူထားပါသည်-

(က) United Paints Group Co., Ltd. (UPG)ပိုင်ဆိုင်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများအား ကာကွယ်ပေးခြင်း (Safeguarding Assets and Investments)

(ခ) ပိုမိုကောင်းမွန်သည့် ဆုံးဖြတ်မှုများအပေါ် အထောက်အပံ့ဖြစ်ခြင်း (Enhancing Decision-Making)

(ဂ) လုပ်ငန်း အရှည်တည်တံ့မှု ဖြစ်စေခြင်း (Ensuring Business Continuity)

(ဃ) ရင်းမြစ်များအား ကောင်းစွာ ဖြန့်ခွဲ သုံးစွဲနိုင်ခြင်း (Optimizing Resource Allocation)

(င) ဥပဒေရေးရာ လေးစားလိုက်နာမှု ရရှိစေခြင်း (Meeting Legal and Regulatory Requirements)

(စ) United Paints Group Co., Ltd. (UPG)၏ ဂုဏ်သတင်းအား တည်တံ့စေခြင်း (Protecting Reputational Value)

(ဆ) ပတ်သက်ဆက်နွယ်သူများ၏ ယုံကြည်မှုရရှိခြင်း (Improving Stakeholder Confidence)

United Paints Group Co., Ltd. (UPG)အနေဖြင့် မြင့်မားစွာရှိနေသည့် ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များနှင့် စပ်လျဉ်းပြီး အောက်ပါ အတိုင်း တွေ့ကြုံနိုင်ကြောင်း ဖော်ထုတ် သတ်မှတ်ထားပါသည်-

| ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များ | ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်အဆင့် သတ်မှတ်ချက် |
|---|---|
| **Financial** | Medium |
| **Operational** | High |
| **Reputational** | High |
| **Technology** | Medium |
| **Succession** | High |
| **Legal and Compliance** | High |
| **Societal** | Medium |
| **Environmental** | High |
| **Strategic** | High |

## ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များအား စီမံခန့်ခွဲခြင်း ယန္တရား (Risk Management Mechanism)

United Paints Group Co., Ltd. (UPG)အနေဖြင့် ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များ (Risks)ကို ကိုင်တွယ်ဖြေရှင်းခြင်းအား အောက်ပါအဆင့် (၃) ဆင့်ဖြင့် ဆောင်ရွက်ပါသည်-

အဆင့်(၁) First Line of Defense

အဆင့်(၂) Second Line of Defense

အဆင့်(၃) Third Line of Defense

**အဆင့်(၁) First Line of Defense**

အဆင့်(၁)ဖြစ်သည့် First Line of Defense သည် သက်ဆိုင်ရာ လုပ်ငန်းမန်နေဂျာများက ကိုယ်တွယ်ဆောင်ရွက်သည့် အဆင့်ဖြစ်ပါသည်။ United Paints Group Co., Ltd. (UPG)အနေဖြင့် သက်ဆိုင်ရာ စက်ရုံ၊ ကုမ္ပဏီများတွင် လုပ်ငန်း မန်နေဂျာများက လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့နိုင်သည့် ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များအား အောက်ပါ Risk Matrix အသုံးပြုပြီး သတ်မှတ်ကာလအတွင်း ဖော်ထုတ်ကာ ဖော်ထုတ်ရရှိလာသည့် ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များအား Risk Register တွင် ဖြည့်သွင်းပါသည်။ ထို့နောက် အဆိုပါ ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များအား ထိန်းချုပ်ရေးနည်းလမ်းများ၊ လျော့ချမည့် နည်းလမ်းများအား ဆွေးနွေး ဖော်ထုတ် သတ်မှတ် ကြပါသည်-

| Risk Matrix | | Severity | | | | |
|---|---|---|---|---|---|---|
| | | Insignificant | Minor | Moderate | Major | Severe |
| Likelihood | Almost Certain | Medium | High | Very High | Very High | Very High |
| | Likely | Medium | High | High | Very High | Very High |
| | Possible | Low | Medium | High | High | Very High |
| | Unlikelyh | Low | Low | Medium | Medium | High |
| | Rare | Low | Low | Low | Low | Medium |

**အဆင့်(၂) Second Line of Defense**

အဆင့်(၂)ဖြစ်သည့် Second Line of Defense သည် သက်ဆိုင်ရာ လုပ်ငန်းမန်နေဂျာများက ဖော်ထုတ်ရရှိလာသည့် ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များအား ထိန်းချုပ် ရေးနည်းလမ်းများ၊ လျှော့ချမည့် နည်းလမ်းများအပေါ် အဆိုပါ သက်ဆိုင်ရာ စက်ရုံ သို့မဟုတ် ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့က အောက်ဖော်ပြပါ Risk Matrix ကိုအသုံးပြုပြီး ပြန်လည် ချိန်ထိုးကာ ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များအဆင့်ပမာဏ သတ်မှတ်ချက် (Risk Level)၊ ထိန်းချုပ်ရေးနည်းလမ်းများနှင့် လျှော့ချမည့် နည်းလမ်းများအား ပြင်ဆင်ခြင်း၊ အတည်ပြုခြင်းများ လုပ်ဆောင်ကြပါသည်-




**အဆင့်(၃) Third Line of Defense**

အဆင့်(၃)ဖြစ်သည့် Third Line of Defense သည် သက်ဆိုင်ရာ လုပ်ငန်းမန်နေဂျာများက ဖော်ထုတ်ရရှိလာသည့် ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များအား ထိန်းချုပ်ရေးနည်းလမ်းများ၊ လျှော့ချမည့်နည်းလမ်းများ၊ သက်ဆိုင်ရာ စက်ရုံ သို့မဟုတ် ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့က ပြန်လည်ပြင်ဆင်ထားသည့် ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များအား Corporate Audit Committee က ပြန်လည်၍ အဆင့်ပမာဏ သတ်မှတ်ချက် (Risk Level)၊ ထိန်းချုပ်ရေးနည်းလမ်းများ နှင့် လျှော့ချမည့် နည်းလမ်းများအား ပြင်ဆင်ခြင်း၊ အတည်ပြုခြင်းများ လုပ်ဆောင်ကြပြီး Corporate Board of Directors အဖွဲ့သို့ တင်ပြကာ အဆိုပါ Bodard of Directors က ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များအားပြန်လည်သုံးသပ်ခြင်း၊ ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များအား ထိန်းချုပ်ရေး၊ လျှော့ချရေးဆိုင်ရာ နည်းလမ်းများနှင့်စပ်လျဉ်းသည့် မူဝါဒရေးရာများပြင်ဆင်ခြင်း၊ အသစ်ချမှတ်ခြင်းများ၊ လုပ်ထုံးလုပ်နည်းများခွင့်ပြုပေးခြင်းနှင့် မဟာဗျူဟာချမှတ်ခြင်းများအား ဆောင်ရွက်ပေးပါသည်။

United Paints Group Co., Ltd. (UPG) အနေဖြင့် ကြုံတွေ့နိုင်သည့် ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များနှင့်စပ်လျဉ်းပြီး အောက်ပါအတိုင်း ဖော်ထုတ်သတ်မှတ်ပြီး ထိန်းချုပ်ရေးနှင့် လျှော့ချရေးနည်းလမ်းများအား Three Line of Defense နှင့်အညီ ဆောင်ရွက်ထားပါသည်။

United Paints Group Co., Ltd. (UPG) အနေဖြင့် မြင့်မားစွာရှိနေသည့်ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များနှင့်စပ်လျဉ်းပြီး အောက်ပါအတိုင်းတွေ့ကြုံနိုင်ကြောင်း ဖော်ထုတ်သတ်မှတ်ထားပါသည်-

| ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များ | ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်အဆင့် သတ်မှတ်ချက် | ထိန်းချုပ်ရေးနည်းလမ်းများ |
|---|---|---|
| Financial | Medium | - ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများချမှတ်ခြင်း။<br>- အဆိုပါ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအတိုင်း လုပ်ဆောင်မှု ရှိ/မရှိ စောင့်ကြည့်စစ်ဆေးခြင်း။<br>- ဘဏ္ဍာရေးဆိုင်ရာ သုံးစွဲမှုအပေါ် ရှောင်တခင် စစ်ဆေးခြင်း။ |
| Operational | High | - သတ်မှတ်ထုတ်ကုန်များ သတ်မှတ်အချိန်အတိုင်း ထုတ်နိုင်ရေး စဉ်ဆက်မပြတ် စောင့်ကြည့်ဆောင်ရွက် ပေးခြင်း။<br>- ကုန်ကြမ်းပြတ်လပ်မှု အနိမ့်ဆုံးရှိနေစေရေး ဆောင်ရွက်ခြင်း။ |
| Reputational | High | - ကုန်အမှတ်တံဆိပ်နှင့် အရည်အသွေးပိုင်းဆိုင်ရာ အားနည်းချက် မရှိစေရေး စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်း။<br>- ဈေးကွက်အတွင်း ရောက်ရှိနေသည့် ထုတ်ကုန်များ၏ အရည်အသွေးပိုင်းဆိုင်ရာအပေါ် သတ်မှတ်နည်းလမ်းများဖြင့် စုံစမ်းစစ်ဆေးခြင်း။<br>- ရရှိလာသည့် အချက်အလက်များအပေါ် မူတည်၍ Product Development ဆောင်ရွက်ခြင်း။ |
| Technology | Medium | - ထုတ်ကုန်ဆိုင်ရာနှင့် သုတ်ဆေးဆိုင်ရာ နည်းပညာရပ်များအပေါ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးနည်းလမ်းများ ချမှတ်ဆောင်ရွက်ခြင်း။<br>- ပြိုင်ဘက်များ၏ နည်းပညာရပ်များအပေါ် စုံစမ်းစူးစမ်းခြင်းနှင့် တွေ့ရှိချက်အပေါ်မူတည်၍ မိမိထုတ်ကုန်များ အရည်အသွေးအပေါ် မြှင့်တင်ရေးလုပ်ဆောင်ခြင်း။ |
| Succession | High | - လုပ်ငန်းဆက်ခံမည့် မျိုးဆက်များ ရရှိစေရေး HR Plan ရေးဆွဲ၍ဆောင်ရွက်ခြင်း။ |
| Legal and Compliance | High | - တည်ဆဲဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်း။<br>- အသစ်ပြဋ္ဌာန်းမည့်၊ အသစ်ပြဋ္ဌာန်းလာနိုင်ဖွယ်ရှိသည့် အခြေအနေများအား လိုက်နာနိုင်ရန် ပြင်ဆင်ခြင်း။<br>- တည်ဆဲဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှု ရှိ/မရှိ Internal Audit ပြုလုပ်ခြင်း။ |

| ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များ | ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်အဆင့် သတ်မှတ်ချက် | ထိန်းချုပ်ရေးနည်းလမ်းများ |
|---|---|---|
| Societal | Medium | - ကုန်အမှတ်တံဆိပ်နှင့် အရည်အသွေးပိုင်းဆိုင်ရာကြောင့် လူမှုအဖွဲ့အစည်းအတွင်း သက်ရောက်မှုများ ရှိ/ မရှိ စောင့်ကြည့်စစ်ဆေးခြင်း။<br>- စောင့်ကြည့်စစ်ဆေးချက်များအပေါ် မူတည်၍ လိုအပ်သည့် ပြင်ဆင်မှုများဆောင်ရွက်ခြင်း။<br>- UPG ၏ လက်ရှိဆောင်ရွက်နေမှုဆိုင်ရာ အကြောင်းအရင်းတစ်ရပ်ရပ်ကြောင့် လူမှုအဖွဲ့အစည်းအတွင်းနှင့် အပေါ် သက်ရောက်မှု၊ ရိုက်ခတ်မှုများ ရှိ/မရှိ အကဲဖြတ်ဆန်းစစ်ခြင်း။<br>- အကဲဖြတ်ဆန်းစစ်ချက်များအပေါ်မူတည်၍ လိုအပ်သည့် ပြင်ဆင်မှုများ ဆောင်ရွက်ခြင်း။ |
| Environmental | High | - သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တည်ဆဲဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်း။<br>- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသစ်ပြဋ္ဌာန်းမည့်၊ အသစ်ပြဋ္ဌာန်းလာနိုင်ဖွယ်ရှိသည့် အခြေအနေများအား လိုက်နာနိုင်ရန် ပြင်ဆင်ခြင်း။<br>- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တည်ဆဲဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှု ရှိ/မရှိ Internal Audit ပြုလုပ်ခြင်းနှင့် လိုက်နာရန် လိုအပ်ချက်များ တွေ့ရှိပါက တင်ပြ၍ အမြန်ဆုံး လိုက်နာဆောင်ရွက်ခြင်း။ |
| Strategic | High | - လက်ရှိ ဖြစ်ထွန်းနေသည့် အခြေအနေများအပေါ် အခြေခံ၍ဆောင်ရွက်နေသည့် မဟာဗျူဟာများအား ပြင်ဆင်ခြင်း။<br>- ပြင်ဆင်သည့် မဟာဗျူဟာများအပေါ် အခြေခံ၍ လုပ်ငန်းဆောင်ရွက်မှုအဆင့် (Operational Level) အတွက် နည်းဗျူဟာများ သတ်မှတ်ပေးခြင်း။<br>- သတ်မှတ်ပေးသည့် နည်းဗျူဟာများ လုပ်ငန်းခွင်အလိုက် အဆင်ပြေမှု ရှိ/မရှိ စောင့်ကြည့်စစ်ဆေးခြင်းနှင့် လိုအပ်သည့် ပြင်ဆင်မှုများ အချိန်နှင့်တပြေးညီ ပြင်ဆင်ဆောင်ရွက်ပေးခြင်း။ |